www.burmeseclassic.com



# နွယ်ဦးလှိုင်

နေ့က အွန်လိုင်းပေါ်မှာ တွေ့ခဲ့ကြတယ်

နှင့်

အခြားချစ်ခြင်းပွဲကဗျာများ

www.burmeseclassic.com

www.burmeseclassic.com

ကဗျာအိမ် အစန်းအမှတ်(၁)



# ငွယ်ဦးကျိုင်

မနေ့က အွန်လိုင်းပေါ်မှာ တွေ့ခဲ့ကြတယ်
နှင့်
အခြားချစ်ခြင်းဖွဲ့ကဗျာများ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် • ၆၂၀ ၀၀၁ ၀၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် • ၆၂၀ ၀၀၆ ၀၁၂
ထုတ်ဝေသူ • ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ်(၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း
ကျောက်တံတား ရန်ကုန်။
ပုံနှိပ်သူ • ပြည့်အေးမိသားစု ပုံနှိပ်တိုက်
အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံးဒီဇိုင်း • ပန်းချီ လှထွန်းအောင်
စာအုပ်အပြင်အဆင် • Sun Moon Media
ကွန်ပျူတာစာစီ • ဒီဆဲလ်

နွယ်ဦးလှိုင်
မနေ့က အွန်လိုင်းပေါ်မှာ တွေ့ခဲ့ကြတယ် / နွယ်ဦးလှိုင် ၊ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ပထမအကြိမ်၊ ၂၀၁၂။
စာမျက်နှာ ၇၀ မျက်နှာ။
၁၃ စင်တီ × ၁၈ စင်တီ
(၁) မနေ့က အွန်လိုင်းပေါ်မှာတွေ့ခဲ့ကြတယ်

၂၀၁၂ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
စောင်ဈေး - ၁ ၀ ၀ ၀ ကျပ်

www.burmeseclassic.com

 www.burmeseclassic.com



## မာတိကာ


| | |
|---|---|
| အချစ်ကဗျာ (မောင်စိန်ဝင်း-ပုတီးကုန်း) | ၇ |
| ၁။ တွေခဲ့ကြတယ် | ၁၂ |
| ၂။ ဖေဖေါ်ဝါရီ(၁၄)မှာ | ၁၃ |
| ၃။ ကဗျာအိမ် | ၁၄ |
| ၄။ ထုးခတ်ထားတဲ့ဆင် | ၁၆ |
| ၅။ အချစ် | ၁၇ |
| ၆။ ကြိုး | ၁၈ |
| ၇။ ညပုံပြင် | ၁၉ |
| ၈။ ပွင့်သောပန်း | ၂၀ |
| ၉။ စောင့်နေသူ | ၂၁ |
| ၁၀။အိပ်မက်များ အစွန့်ရှည်ပါစေသတည်း | ၂၂ |
| ၁၁။ညကလှတယ် | ၂၄ |
| ၁၂။အလွမ်းရက်သတ္တပတ် | ၂၅ |
| ၁၃။ကြည်ချင်ပွဲ | ၂၆ |
| ၁၄။ဆုံစည်း အပျော်ရက် | ၂၇ |
| ၁၅။မည်သို့ပင်ဖြစ်စေ | ၂၈ |
| ၁၆။စိတ်ကူး | ၃၀ |
| ၁၇။တိမ်မျှားသူ | ၃၁ |


www.burmeseclassic.com

www.burmeseclassic.com 


၁၈။ တစ်ဖက်သတ် ၃၂

၁၉။ တဒင်္ဂ ၃၃

၂၀။ ကယ်ကူမဲ့ ၃၄

၂၁။ လမ်းမဆုံးမီ ၃၅

၂၂။ လက်တို့ပြီးတော့ လွှမ်းရဦးမယ် ၃၆

၂၃။ မျှော် ၃၈

၂၄။ မနေ့က ၃၉

၂၅။ အပြန်လမ်း ၄၀

၂၆။ မပိုင်ပန်း ၄၁

၂၇။ တိမ်နဲ့ငှက် ၄၂

၂၈။ အွန်လိုင်းပေါ်မှာ ၄၃

၂၉။ မိုးခိုငှက်သို့တမ်းချင်း ၄၄

၃၀။ ပင့်သက်တစ်ရှိုက် ၄၆

၃၁။ မနက်ဖြန် ၄၇

၃၂။ အလွမ်းဓာတ်ညွှန်း ၄၈

၃၃။ သိင်္ဂါရငှက် ၄၉

၃၄။ ငေးဆွတ်ခြင်း ၅၀

၃၅။ အလွမ်းတစ်ဖက်ရဲ့စာမျက်နှာ ၅၁

၃၆။ ဝိရောဓိည ၅၂

၃၇။ တစ္ဆေတစ်ကောင်နှင့်တွေ့ဆုံခြင်း ၅၄

၃၈။ ထွက်ပေါက်ဆီသို့ ၅၅

၃၉။ အချစ်ပွဲတော်သို့ ၅၆


www.burmeseclassic.com

 www.burmeseclassic.com 

## အချစ်ကဗျာ

(၁)

- ရွှေစည်းပုံ သုံးအိမ်နော်ပါလို့
  မယ်ရောပါ့ မောင်နဲ့ကွယ်။
- ကြောက်ခမန်း
  ညောင်နန်းမှာ ဝေလေလေပေါ့
  အထွေထွေ တန္တေမေးပါလို့
  ပြေးတဲ့အရွယ်။
- အင်းမနေ မြေမနင်းရယ်နဲ့
  ခေါင်းခေါက်ရင်း ထိပ်ပုတ်တယ်
  စိတ်လုပ်မယ်လို့ မကြံဖြစ်။
- လသာသာ
  ညခါမှာ ဖန်တို့တော့
  တန်ကိုနော် မဆိုရဲရှာဘူး
  ကစားအရွယ် ငယ်ကတည်းက
  စွဲတဲ့အချစ်။ ။

ဆရာကြီး "ဦးရဲခင်" ရဲ့ "ကစားရွယ်" ဆိုတဲ့ အချစ်ကဗျာလေးကို စွဲလန်းခဲ့ရသည်။ "ရွှေစည်းပုံ သုံးအိမ်နော်"၊ "အင်းမနေ မြေမနင်း" အစရှိသည့် ကစားပုံကစားနည်းတို့ကို မသိနားမလည်သော်ငြား၊ ကစားအရွယ် ငယ်ကတည်းက စွဲလန်းချစ်ခင်ခဲ့ရသော အချစ်ကဖတ်ရသူ၏ရင်မှာ ရှုးနစ်စွဲမက်စေသည်။ "တန်ကိုနော်··· မဆိုရဲရှာဘူး" ဆိုသော မိန်းကလေးငယ်၏ခွင့်လွှတ်သည်းခံမငြိုငြင်သည့် သံယောဇဉ်ကြီးမှုအသုံးအနှုန်းက နှလုံးသားမှမထွက်။

www.burmeseclassic.com

(၂)

- မကြင်သာသည်
ခင်ပါလျက်လဲ(လည်း)
ပင်ထက်လျှံဝင်း၊ ဇင်ငွေမင်းသို့
ကြူသင်းဝေသီမြင့်သောကြောင့် . . .။
- မတမ်းသာသည်
လွမ်းပါလျက်လဲ(လည်း)
မိုးထက်ရောင်ဖုံး၊ လ-တနုန်းသို့
ချိုပြုံးဝေသီမြင့်သောကြောင့် . . .။
- မခေါ်သာသည်
မျှော်ပါလျက်လဲ(လည်း)
တောင်ထက်ငွေသွေး၊ နှင်းဖြူဖွေးသို့
ကြည်အေးဝေသီမြင့်သောကြောင့် . . . .။ ။

၁၂၉၄ ခုနှစ်၊ ဆရာကြီးမင်းသုဝဏ် အသက်(၂၄)နှစ် အရွယ်ကရေးခဲ့သော "ခွင့်မသာ" ဆိုသည့် အချစ်ကဗျာလေးက ကျွန်တော်ကိုးတန်းကျောင်းသားဘဝမှာ ရင်ထဲ၌ အမြစ်တွယ်သည်။ အပြောခက် အဖွင့်ဟခက်သည့် တိတ်တခိုးရက်တို့၏ ဝေဒနာတို့ကို ကဗျာလေး ဖွဖွရွတ်ရင်း ကုစားခဲ့ဖူးသည်။

တက္ကသိုလ်ကျောင်းသားဘဝမှာလည်း "တိတ်တခိုး" ဝေဒနာကို ဆရာတင်မိုး၏ "ချစ်သူရှေ့မှောက် ရောက်သောခါ" ကဗျာဖြင့် အကြိမ်ကြိမ်ကုစားခဲ့ဖူးသည်ပဲ။

------------------------

------------------------

ချစ်သူရှေ့မှာတော့
မေ့တတ်တယ်ချစ်လက်ာ

www.burmeseclassic.com

 www.burmeseclassic.com 

ခွာတတ်တယ်သတ္တိစိတ်
ပိတ်တတ်တယ်နှုတ်တံခါးပေမို့
အမှားအယောင်ယောင်နဲ့
ကိုယ့်ကျောင်းဆောင်ကိုယ့်အခန်းဆီသို့
ပင့်သက်ကို ရင်မှာလွှမ်းပါလို့
ပြန်လမ်းသာ ကိုယ်လျှောက်ခဲ့ရဲ့
ရင်တစ်ခုန် သည်တန်ကြေးဟာလည်း
ကာရံသာ ပြန်ကိုပေးတယ်ထင့်
ဈေးအရနဲ့။ ။

(၃)

ချစ်ခင်ရတဲ့သူငယ်ချင်းမောင်မောက်(ဥက္ကလာ)ရဲ့ "ချစ်သူပွင့်ဦး" ကဗျာလေးကိုလည်း ကျွန်တော် အလွတ်ရသည်ထိ စွဲလန်းခဲ့ဖူးသည်လေ····။

ခူးမယ်ကြံတိုင်း
တုံ့ဆိုင်းတွေဝေ၊ အပင်ခြေမှ
မြင်နေရသော၊ လွမ်းမောနှစ်သက်
ချစ်မက်ဖွယ်ရာ၊ သူ့ရုပ်လွှာများ
ကိုယ်ပွားယှဉ်၊ ရင်၌စွဲနှစ်
အချစ်များစွာ၊ နှစ်များကြာပြီ·····

တိတ်တခိုးဝေဒနာနှင့်ပတ်သက်ပြီး ကဗျာလေးများစွာကိုယ်တိုင်ရေးဖွဲ့ဖြစ်ခဲ့သည်ပဲ။

"ဘယ်သူမြင် ဘယ်သူသိမှာလည်း
သူ့ရှိတယ် ကိုယ့်ရင်ထဲ
အမြဲငြိတွယ်······"

www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် .... စသဖြင့်.....။

အခုလည်းနွယ်ဦးလှိုင်၏ အချစ်ကဗျာစာအုပ် ကလေးကိုဖတ်လိုက်တော့ စ,စချင်းပဲ "တွေ့ခဲ့ကြတယ်" ဆိုတဲ့ "တိုတ်တခိုး" ဝေဒနာကိုစပြီး ခံစားလိုက်မိပြန်သည်။

"တွေ့ခဲ့ကြတယ်"
မတွေ့ပြန်ရင်
တွေ့ချင်နေတယ်
တွေ့ရတော့လည်း
စကားလွဲပြီး
ကိုယ်ပဲကျောက်ရုပ်
နောက်ဆုတ်လှည့်ပြန်
လွမ်းကျန်နှောင်ရစ်
ရင်မှာဖြစ်တယ်..
အချစ်ဆိုတာဒါလားကွယ်....။ ။

(၄)

နွယ်ဦးလှိုင်ကို ကဗျာဆရာလေးတစ်ဦးအဖြစ် လှည်းတန်းလှောက်ရည်ဆိုင်မှာ ထိုင်ဖြစ်စဉ်ကာလ ကတည်းကစပြီး သိကျွမ်းခင်မင်ခဲ့ရသည်။ နောက်ပိုင်း စာနယ်ဇင်းသမား၊ မဂ္ဂဇင်းအယ်ဒီတာ၊ ဂျာနယ်အယ်ဒီတာစသဖြင့် သူ့ဘဝတွေအလုပ်တွေပြောင်းသွားတာသိသည်။ လှည်းတန်းဘက်မရောက်တော့ အတွေ့ကျဲသွားသည်။

သူ့ကဗျာစာအုပ်ကလေးထုတ်တော့မယ်ဆိုတော့ ကြည်နူးကျေနပ်မိသည်။ အလုပ်တွေ၊ ဘဝတွေ၊ အသက်မွေးဝမ်းကြောင်းတွေ၊ အခါအားလျော်စွာပြောင်းတတ်သော်ငြား၊ နှလုံးသားသည် ကဗျာဆရာ၏ နှလုံးသားအဖြစ်က မပြောင်းလဲရှိနေတတ်တာသတိထားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


ရှေးအစဉ်အဆက်မှစ၍ ကဗျာရေးသူများအားလုံးလိုလို အချစ်ကဗျာကိုမရေးဖြစ်သူ မရှိဟု ယုံကြည်ပါသည်။ နှလုံးသားနှ် အချစ်မရှိသော၊ မချစ်တတ်သော ကဗျာဆရာလောကဍ် မရှိနိုင်ပါ။ နှလုံးသားမှခံစားမှုကို ကဗျာအဖြစ်မွေးဖွားတတ်စမြဲမို့ အချစ်ကဗျာများသည်လည်း ကဗျာဆရာတို့၏ ရင်မှစီးကျလာစမြဲပင်။ 'တွေ့ခဲ့ကြတယ်'၊ 'မနေ့က'၊ 'အွန်လိုင်းပေါ်မှာ'··· ထိုကဗျာခေါင်းစီး သုံးခုကိုပေါင်းပြီး သူ့ကဗျာစာအုပ်နာမည်ကို "မနေ့က အွန်လိုင်းပေါ်မှာ တွေ့ခဲ့ကြတယ်"ဟု ပေးတပ်ထားသည်။

နွယ်ဦးလှိုင်၏ အချစ်ကဗျာလေးများသည် သူ့နှလုံးသားမီးတောင်မှပေါက်ကွဲ လွင့်စင်ကျလာသော ချော်ရည်ချော်စက်များဟု ကျွန်တော်ကတော့ ယုံသည်။

သူ့နှလုံးသားစမ်းချောင်းငယ်မှ ယိုစီးစိမ့်ကျလာသော စမ်းရေစက်များလားဟု ကျွန်တော်ကတော့ တွေးသည်။

ကဗျာချစ်သူများ၏ နှလုံးသားကိုကူးစက်ခံစားနိုင်ပါစေဟု ဆန္ဒပြုမိပါသည်။

*ချစ်ခင်လေးစားစွာဖြင့်*
***မောင်စိန်ဝင်း (ပုတီးကုန်း)***

www.burmeseclassic.com

www.burmeseclassic.com


## တွေ့ခဲ့ကြတယ်

မတွေ့ပြန်ရင်
တွေ့ချင်နေတယ်
တွေ့ရတော့လည်း
စကားလွဲပြီး
ကိုယ်ပဲကျောက်ရုပ်
နောက်ဆုတ်လှည့်ပြန်
လွမ်းကျန်နှောင်ရစ်
ရင်မှာဖြစ်တယ်
အချစ်ဆိုတာ ဒါလားကွယ်....။ ။

www.burmeseclassic.com

www.burmeseclassic.com

ပေပေါ်ဝါရှိ (၁၄)မှာ....

အချစ်ပင်
အောက်
အကြိုထောက်
အနှမ်းပန်းတွေခြောက်။
အိပ်မက်တွေ
ပျောက်
ဘယ်ဆီရောက်
အလွမ်းပွင့်ကြွေကောက်။ ။

www.burmeseclassic.com

www.burmeseclassic.com


## ကဗျာအိမ်

အစဉ်အလာမရွေ့
အရင်ခါ ဝေလေ့လိုပေါ့
မင်္ဂလာနေ့ပါ…မေ။

ပြန်ပြောရင် တိုးတိုးကြင်မယ့်
သံယောဇဉ်ပိုးကြိုးနှစ်မျှင်နဲ့ယှယ်ယက်
ရင်ခုန်ဖော် ရင်ခုန်ဖက်တို့ရဲ့ ကဗျာအိမ်
လေတိုးလို့လည်းမယိုင်
မိုးဖြိုင်လို့လည်းမကျိုး
ဘယ်တော့မှမညှိုးတဲ့ ပန်းသီချင်းတချို့နဲ့
လမ်းခင်းစို့မေ။

www.burmeseclassic.com

www.burmeseclassic.com


ပျောက်ဆဲမသိတဲ့ ကဗျာဖွေရှာလို့
တစ်ယောက်တည်းရှိတဲ့အခါတွေမှာ
ပြတင်းပေါက်မှာ သူလာနား
ပျားရည်ဆမ်းတဲ့စကားတွေဆို
အိပ်မက်ဝိုင်ချို အတူသောက်ပြီး
တစ်မိုးအောက်မှာ အတူနေ
အပူတွေပျောက်ဆုံး။

တစ်ခါတစ်ခါ မျှော်သာမျှော်စဲ
ပေါ်မလာဘဲရှိတဲ့အခါ
ကဗျာအိမ်လေးခြောက်ကပ်ကပ်
ရောက်တတ်ရာတွေးတောပြီး
ငေးမောလို့စိုးထိပ်ကာ
တိုးတိတ်စွာလွမ်းမိပါရဲ့
နွမ်းမချိကာ အပူရှိတာတွေကိုလည်း
သူတကယ် သိမှာလားရယ်လို့
ထားခဲ့ကာ မပုန်းပါနဲ့
သနားငဲ့ညှာ အပြုံးတွေနဲ့
(ကာရန်ဆိုတဲ့ငှက်ကလေးရယ်...)
နားလှည့်ပါအုံး(ဦး)။ ။

www.burmeseclassic.com

www.burmeseclassic.com


## ထူးခတ်ထားတဲ့ ဆင်

ခရီးတွင် ဘယ်မပေါက်
ရောက်ခဲလှတယ်။
စိတ်သွားတိုင်း ကိုယ်မပါ
လိုရာနဲ့ ဝေးရော့မယ်။
ရှေ့တိုးဖို့ ခက်ပါတယ်
နောက်ဆုတ်တာ မလွယ်ဘူး။
ဒုက္ခနှောင် မဆင်ခြင်တတ်လေတော့
လှုပ်မရအောင် တွင်တွင်ပတ်တယ်ကွဲ
ခတ်ထားတဲ့ထူး။ ။

www.burmeseclassic.com

 www.burmeseclassic.com 

အချစ်

သကြားအုပ်ထား
သည့်ဆေးခါးကို
စားရင်း စားရင်းစွဲမိပြီ။ ။

www.burmeseclassic.com

www.burmeseclassic.com

ကြိုး
ဖြတ်ရမှာလား
စဉ်းစားကြိမ်ဖန်
လည်ပြန်စောင်းငဲ့
သနားလှည့်ခင်
နှမ်းယဲ့သွားမှာစိုးလို့ကွယ်။
ပတ်ရမှာလား
စကားတင်းဆို
အငိုလွယ်လျက်
အရှိက်ခက်မို့
နှုတ်ဆက်သွားမှာစိုးလို့ကွယ်။
ဖြတ်တော့လည်းမလွယ်
ပတ်တော့လည်းမလွယ်နဲ့
အမျှင်ငယ် မာန်မရှိပေမယ့်
အစဉ်ကွယ် သံမဏိလိုပဲ
ပကတိခိုင်ကျည်တာ အမှန်သဘောထင်ပါရဲ့
ပြန်ပြောရင် ချိုတဲ့အမျိုးပေမယ့်
ကံသဘောတွင် အငိုနဲ့ဆိုးတယ်ကွဲ့
(မမြင်ရတဲ့....)
သံယောဇဉ်ဆိုတဲ့ကြိုး။ ။

www.burmeseclassic.com

www.burmeseclassic.com


## ညပုံပြင်

ကြယ်မစုံ လ,မလင်း
ညမင်းသားတစ်ကိုယ်တော်
ကောင်းကင်သို့မျှော်။
နတ်သမီးရှာပုံတော်
ကြာငုံနော် မပွင့်သေး။
အနားမှာ ဖော်တွေဆင့်လို့
ပျော်နေထင့်လေး။ ။

www.burmeseclassic.com

www.burmeseclassic.com



ပွင့်သောပန်း

သံယောဇဉ်
လမ်း
တူဖြတ်သန်း
အိပ်မက် ပျားရည်ဆမ်း။
အကြင်နှာ
လွှမ်း
မေတ္တာဖြန်း
ပွင့်ပေါ့ အချစ်ပန်း။

www.burmeseclassic.com

www.burmeseclassic.com

## စောင့်နေသူ

လည်တိုင်ကျော့ကျော့
မျှော်ရင်းမော့လို့
G Talk ကတောင်လျှောင်နေပြီ။ ။

www.burmeseclassic.com

www.burmeseclassic.com


## အိပ်မက်များ အစွန့်ရှည်ပါစေသတည်း

မြင်ရုံကျေနပ်
မြတ်နိုးမှုရိပ်၊ တိတ်တိတ်လေးပျော်
မျှော်ငေးတမ်းတ၊ ဖော်ဝေးလွမ်းရ
ချစ်သမျှကို၊ လှစ်ဟဆိုပြီး
အငိုမျက်လုံး၊ ပြုံးတဲ့မျက်နှာ
မမြင်သာဝှက်၊ ရင်နာလျှက်က
နှိပ်စက် ကလူ၊ မြူမှုန်အဖြစ်
ပူပုံသစ်နဲ့၊ ပြစ်ဖွဲ့မယူ
ချစ်တဲ့သူရယ်.....။
တကယ်ဆိုကွယ်
ဘယ်လိုဖြစ်ဖြစ်၊ ချစ်သူဘဝ
ခဏမကြာ၊ နေချင်ပါတယ်
ဒါပေမဲ့နော်၊ မပျော်လိုက်ရ
တို့ဆန္ဒတွေ၊ သစ်ရွက်ကြွေလို
လေမှာလွင့်မျော...
ရေမှာလွင့်မျော.......။

www.burmeseclassic.com

 www.burmeseclassic.com 

ကြမ္မာများက
ချုန်မြမြသွေး၊ ကာရန်လေးလို
ရင်ကိုထိုးဖောက်၊ ရောက်လို့လာလည်း
အသည်းထဲက၊ လှိုက်လှဲပျူငှာ
ကြိုနေပါမယ်၊ ကဗျာအဖြစ်
ကမ္ဘာသစ်မှာ၊ စိမ်းကားမပစ်
သိမ်းထားရစ်မယ်·······။
ရင်ခုန်ခွင်ကြုံ
မြင်ရရုံလေး၊ ခုန်တဲ့သွေးနဲ့
ကဗျာရေးမယ်၊ အသွေးနယ်ချဲ့
မြင်လှည့်တော့ကွယ်၊ ညပင်လယ်ထဲ
ကယ်ယူမထုတ်၊ စုန်းစုန်းမြုပ်စေ
မိုးချုပ်တဲ့ရက်၊ လက်ချိုးတွက်လို့
တစ်သက်တစ်ခါ၊ တစ်လှာတစ်ပွင့်
ရင်နှင့်မျိုသိပ်၊ ချစ်တဲ့စိတ်နဲ့
အိပ်နိုးတစ်ဝက်၊ ညအိပ်မက်တွေ
အခွန့်ရှည်ကြာပါစေလေ·····။ ။

www.burmeseclassic.com

www.burmeseclassic.com


## ညက လှတယ်

တမင်တကာ လှပြနေရော့သလား
မင်္ဂလာည တစ်ညပါလေ။
မိုးရိပ်ပြေ မြူမှောင်ကင်း
လမင်းက ဝင်းပနေ။
ဟိုအရင် ရက်တွေတုန်းဆီက
ငြိုငြင်ကာပုန်းရှောင်သလိုနဲ့
ပြိုမယောင် တိမ်တောင်တွေကြားမှာ
သူ့မျက်နှာ ဖုံးကွယ်ဝှက်လေတော့
အိပ်မက်တွေ ဘယ်ချိုပါ့မလဲ
ငိုကြတဲ့ ကြယ်တွေရဲ့မျက်ရည်
မိုးရေတွေ အသွင်ကူး။
ဒီတစ်ညမှာတော့
ကြည်မြတဲ့ကောင်းကင်မှာ
ပြောင်းရွှင်ကာ လမင်းသာတော့
ကြယ်တွေက သီချင်းဆို
အိပ်မက်ချို နဂိုအလှတွေနဲ့
ကိုယ်ကလေ ရင်ခုန်ထိတ်တာကြောင့်
အိပ်မရခဲ့ဘူး။ ။

www.burmeseclassic.com

## အလွမ်းရက်သတ္တပတ်

တနင်္ဂနွေ တနင်္လာ
ချစ်သူ့ပျောက်ကိုရှာ။
အင်္ဂါ ဗုဒ္ဓဟူး
တမ်းတစိတ်နဲ့ရှူး။
ကြာသပတေး သောကြာ
ရှာသူ မရောက်လာ။
စနေမှာ တွေ့မလား
လွမ်းသူ့မှာ ဗျာများ။ ။

www.burmeseclassic.com

## ကြည်ချင်ပွဲ

အပျိုတော် အော်ပရာအစမျိုး
စတိတ်ရှိုးနဲ့ပြဇာတ်။
နှစ်ပါးခွင် မျှော်ရင်း
မိုးလင်းမတ်တပ်။ ။

www.burmeseclassic.com

www.burmeseclassic.com

ဆုံစည်း အပျော်ရက်၊ အိပ်မက် မနက်ဖြန်၊
ကာရန် နိမိတ်ပုံ၊ ရင်ခုန် မျှော်လင့်၊
မင်း နှင့် ငါ အစရှိသော······

ဘဝဆိုတာ ယုံကြည်စရာလား
ခဏငယ်လေးတွေက ပလုံစီ။
ကံကြမ္မာ ဆိုးတယ်ကွဲရယ်လို့
ရိုးမယ်ဖွဲ့ မဆိုသာပြီ။
အဖြတ်ရခက်ပါသည်
ဆက်ထုံးမညီ နှောင်တည်း(တဲ)။
ခဏဟာ ဘဝမဟုတ်လေသလား
အလှသရုပ်ကို ဆောင်ပုံက
ရောင်စုံတွေ အထပ်ထပ်ဖြာတဲ့
ဆပ်ပြာပူဖောင်းလေးတွေကိုမြင်
ငေးနေစဉ် ထိုခဏမှာပဲ
ထပ်တာလဲ ထပ်တာလဲ
မဖောက်ခွဲသော်လည်း
(သူတို့ခမျာမှာတော့)
ဖျပ်ခနဲ ဖျပ်ခနဲ ပေါက်ကွဲ။ ။

www.burmeseclassic.com

www.burmeseclassic.com


## မည်သို့ပင်ဖြစ်စေ

ချစ်နေခဲ့သည်
ဘယ်ဆီမှာလဲ၊ မသိဘဲနှင့်
ဖတ်ဆဲကဗျာ၊ ရင်မှာထိရှ
တောင့်တအိပ်မက်၊ ရှေးရေစက်တွေ
ဖျန်းပက်စိမ့်အေး၊ ခဏလေးမှာ
တွေးတွေဆဆ ငြိခဲ့ပါ့ကွယ်။

www.burmeseclassic.com

 www.burmeseclassic.com 

ချစ်နေသေးသည်
ဒီကမ္ဘာမှာ၊ ဒီတစ်ခါပဲ
ကဗျာအိမ်ဆောက်၊ ရင်လမ်းဖောက်လို့
နှစ်ယောက်တစ်ခွက်၊ ကော်ဖီရက်တွေ
အေးစက်မဝေး၊ ရင်ခုန်နွေးလို့
ဖေးဖေးမမ ရှိခဲ့ကြတယ်။

ချစ်နေပါသည်
ကြမ္မာမြားဦး၊ အဆိပ်လူး၍
မိုက်မူးမေ့လဲ၊ ပစ်ကွင်းထဲတွင်
မခွဲရက်ရက်၊ အသည်းအက်လည်း
နှုတ်ဆက်မဝေး၊ ထွက်မပြေးဘဲ
ဆွေးဆွေးလျှလျှ ချိနဲ့လှတယ်။

ချစ်နေဦးမည်
မညီကာရန်၊ ကြည်သာဟန်နှင့်
နောက်ချန်တဲ့လမ်း၊ ကဗျာလွှမ်းကို
ပန်းလိုဖွဲ့သီ၊ ချစ်သူဆီသို့
ရှယ်ရည်ပို့ပေး၊ နှောင်ဖွဲ့ဆွေးလို့
ငေးငေးတသ ကြည့်လှည့်ပါ့မယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

## စိတ်ကူး

ချစ်သူက
ဂေါက်သီးတစ်လုံးဆိုလျှင်.....
ကျွန်တော်က
ဂေါက်တံ မဖြစ်ချင်ပါ
နာကျင်သွားမှာ စိုးလို့ပါ။
ဘန်ကာလည်း မဖြစ်ချင်ပါ
မွန်းကျပ်သွားမှာ စိုးလို့ပါ။
ကန်ရေလည်း မဖြစ်ချင်ပါ
နစ်မွန်းသွားမှာ စိုးလို့ပါ။
ဖြစ်ခြင်းဖြစ်
ချစ်ခြင်းအသစ်နဲ့
သူသွားရာ လမ်းတခင်းမှာ
တက်နင်းခံ ညင်သာစေဖို့
မြက်ခင်းလေးသာဖြစ်ပါရစေ....။ ။

www.burmeseclassic.com

www.burmeseclassic.com


## တိမ်မျှားသူ

တိမ်တွေက ထိမ်ဝှက်တော့
အိပ်မက်နဲ့ မျှားကြည့်မယ်။
လိုက်၊လိုက်တိုင်း ပြေးလျှက်ကွယ်
ဝေးသထက်သာဝေး။
နှောင်ကြိုးငင် ကြမ္မာရပ်
မပြတ်ခင်လေး။

www.burmeseclassic.com

www.burmeseclassic.com


## တစ်ဖက်သတ်

ကိုယ်ကြည့်တာ သူမသိ
သူကြည့်ရင် ကိုယ်ပျော်မယ်
သူပျော်အောင် ကိုယ်ပြုံးတော့
မုန်းရော့မှာလား။
ကိုယ်ရှိတာ သူမမြင်
သူရှိရင် ကိုယ်နေမယ်
သူနေအောင် ကိုယ်သွားတော့
ထားရော့မှာလား။
ကိုယ်ခေါ်တာ သူမကြား
သူခေါ်ရင် ကိုယ်ထူးမယ်
သူထူးအောင် ကိုယ်ဟစ်တော့
ပြစ်ရော့မှာလား။
ကိုယ်ချစ်တာ သူမလွမ်း
သူချစ်ရင် ကိုယ်ကြင်မယ်
သူကြင်အောင် ကိုယ်ထွေးတော့
ဝေးရော့မှာလား။ ။

www.burmeseclassic.com

www.burmeseclassic.com


# တအိ်

ဖွေ့ခနဲ တွေ့
မွေ့ခနဲ ပျော်၊
ဖျပ်ခနဲ ကြည့်
လှပ်ခနဲ ခုန်၊
လှစ်ခနဲ ပြုံး
ဆစ်ခနဲ ရူး····
'မဖြစ်ဘူး
မဖြစ်ဘူး···'နဲ့
မူးကိုမြစ်ထင်
အရူးလိုဖြစ်ချင်နေပြီကွယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ကယ်ကူမဲ့

အလှမ်းဝေးသွားတော့
ပန်းကလေးများတောင်
လွှမ်းဖျား ဖျားတယ်ထင်။
တကယ်ဆွေးနေတော့
ကြယ်ကလေးတွေလည်း
ဘယ်ပြေးနေသလဲခင်။
ကန္တရလွင်ပြင်
အကြင်နာ ရေတစ်ပေါက်။
အဆုံးမဲ့ ကောင်းကင်အောက်မှာ
ပုန်းရှောင်ကာပျောက်။ ။

www.burmeseclassic.com

www.burmeseclassic.com

## လမ်းမဆုံးမီ

ဂျုံးဂျုံးဂျက်ဂျက် ရထားသံ
ရင်ထဲမှာဆူညံ။
ဘယ်ဆီခုတ်မောင်း သွားမှာလဲ
မေးဖို့ မဝံ့ရဲ။
ဘော်ဘော်ဘူဘူ ဥဩတူ
လမ်းရှင်းဖို့တာဆူ။
လမ်းလွှဲလမ်းခွဲ သင်္ကေတ
ထင်သာမြင်သာ ပြ။
လှုပ်လှုပ်ယိမ်းယိမ်း တိမ်းနွဲ့ဖော်
မျဉ်းပြိုင်နှစ်ကြောင်းပေါ်။
ဘယ်ဘူတာမှာ ရပ်ကာနား
ချမ်းမြေ့ခြင်းမှာလား
နှုတ်ဆက်ထားရစ်ခဲ့မလား။ ။

www.burmeseclassic.com

www.burmeseclassic.com


## လက်တို့ပြီးတော့ လွမ်းရဦးမယ်

နိမိတ်ပုံသစ် အိပ်မက်မြစ်မှာ
လက်ပစ်ကူးခတ် တရစပ်လေ
မရပ်ချင်ဘူး ဘဝကူးတိုင်
မော်ဖူးငေးခွင့် သူပေးသင့်လား
မချင့်မရဲ အရောင်ကွဲလို့
ရင်ထဲမှာနွေ ဘယ်လိုဖြေမလဲ
မဝေတဲ့ရိပ် ကြွေမယ့်စိတ်နဲ့
တိတ်တိတ်ကလေး ချစ်နေမယ်။
မယုံစကောင်း ပုံပြင်ဟောင်းလို
ဆုတောင်းတိုင်းသာ ပြည့်ပါချင်စမ်း
အလွမ်းဆိုတာ ဘယ်မှာမရှိ
တွယ်တာမိမလဲ မချိတင်ကဲ
ပြုံလဲချင်ချင် ငိုပွဲဆင်လောက်
(မျက်ရည်ကျတဲ့ယောက်ျားတစ်ယောက်ဟာ....)
ဘာညာထွေပြား ပြောစကားနဲ့
အများမေးငေါ့ မမှုတော့ဘူး
လွမ်းတော့ မောင်ပဲလွမ်းရသည်။

www.burmeseclassic.com

www.burmeseclassic.com

ခုတော့လည်းကွယ် မောင်မေးမယ်နော်
တဖြေးဖြေးဝေး သွေးအေးပြီလား
ချစ်ဖို့သွေးပျက် အေးစက်ပြီလား
မတွယ်တာစိမ်း ဖယ်ခွာယိမ်းမလား
အမှောင်တဖက် ရှောင်ထွက်မှာလား
သနားမငဲ့ ထားခဲ့မှာလား····
လားပေါင်းများစွာ ဝေဒနာနဲ့
ဖြေရာမရှိ မောင်ပဲသိတယ်
ချစ်မိတဲ့ဒဏ် ရင်ဆီးခံမယ်
မချိန်ငဲ့ကွက် မပြောရက်ဘူး
နှုတ်ဆက်မယ့်နေ့ ဘယ်တော့စေ့မလဲ
မေ့အချစ်ပန်း ဘယ်တော့နွမ်းမလဲ
ရော်ရည်ရွှယ်ရမ်း ဖော်မဲ့လမ်းမှာ
လွမ်းဖို့လက်တို့ မျက်ရည်စို့တယ်····
လွမ်းဖို့လက်တို့ မျက်ရည်စို့တယ်·······၊ ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## မျှော်

ကဗျာအိမ်အလည်သွားဖို့
လိုက်မလားချစ်သူရေ
စောင့်လို့ခေါ်နေ။
ရင်ထဲမှာလေ
နွေနေဆယ်စင်း၊
မလာမှာသိသိနဲ့
ကြည့်ကြည့်မျှော်ရင်း။ ။

www.burmeseclassic.com

 www.burmeseclassic.com 

## မနေ့က

တမင်မခွဲလည်း
ရင်ကွဲမယ်ဆိုတာကိုတော့
အရင်ကတည်းက သိတယ်မေ··။
ပစ်ပယ်မှာ အလိုလိုသိပေမယ့်
အမြစ်တွယ်သလို အဖြစ်မျိုးနဲ့
အချစ်တွေက တိုးလာနေ။
ဆွေးရိပ်တွေ ပြေစေတော့ရယ်လို့
ချွေးသိပ်ဖြေ စမ်းစကားတွေနဲ့
မေခင်းတဲ့ ပန်းတံတားပေါ်မှာ
ကိုယ် ပျော်ပျော်ကြီးလျှောက်မယ်လေ
မေတ္တာရိပ်မြုံ မရောက်မချင်း။
မနေ့တုန်းဆီက
တွေ့မဆုံးမီ ဒီခဏမှာပဲ
ဒီမျှသာ တိမ်းလို့ချန်မယ်ဆိုပြီး
စိမ်းဖို့ဟန် တမင်ပြင်လာရော့သလား
မကြင်နာ တစိမ်းအသွင်နဲ့
ကိုယ့်ရင်ကို ကိုင်လှုပ်တာဖြင့်
အက်ရာထင် မေမြင်စမ်းချင်ရဲ့
လွမ်းညနေခင်း····။ ။

www.burmeseclassic.com

www.burmeseclassic.com


## အပြန်လမ်း

ထစ်ချုန်းမှိုင်းညို့ မိုးတိမ်ယံ
ဂျိုးခြိမ့်သံတွေညံ။
လျှပ်စီးလက်သည်း ထိုးကာခွဲ
ကောင်းကင်ငိုတဲ့ပွဲ။
လေရိုင်းတွေက ဖွဲ့ကာဆင်
မျောလွင့်သံယောဇဉ်။
ဘယ်ညာယိမ်းထိုး သစ်ပင်များ
တုန်လှုပ်ကာချောက်ချား။
ချစ်သူပန်ဖို့ ကဗျာပွင့်
မိုးရေတွေရွှဲနင့်။
အလွမ်းတွေက ခြေချော်လဲ
အိပ်မက်တွေကျကွဲ
အပြန်လမ်းဟာ မှောင်နဲ့မည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

## မပိုင်ပန်း

ပန်းပွင့်ကိုမြင်
နမ်းရှိုက်ချင်ရဲ့။
ပန်းသခင်
မလှမ်းခင် တားတာကြောင့်
အားအင်ချိနဲ့။ ။

www.burmeseclassic.com

## တိမ် နဲ့ ငှက်

ပေ့ါပေါင်ထဲ အတူတူ
လေမကူ ဟိုဘက်တိမ်း
ယိမ်းပါနဲ့နော်။
သူရှိမှ တို့ပျော်
ဖော်ကွာလို့ဖြစ်ဘူး။
ထားခဲ့မှာ ရင်မောတယ်
မောစိတ်နဲ့ရှူး။ ။

www.burmeseclassic.com

www.burmeseclassic.com


အွန်လိုင်းပေါ်မှာ

တစ်ရက်မမြင်
တစ်သက်ထင်တာ
'ချက်တင်'လေးသာ မေးကြည့်ပါ။ ။

www.burmeseclassic.com

www.burmeseclassic.com


## မိုးဒိုင်္ဂကိုသို့ တမ်းချင်း

ချစ်သူစကား
သကာပျားလို၊ ရင်ဖွတ်စိုသည်
ချိုမြိန်ဖူးသောနေ့ရက်များ။
ချစ်သူလာရောက်
တိမ်တောက်သည့်ချိန်၊ ကဗျာအိမ်သည်
ချိုမြိန်ဖူးသောနေ့ရက်များ။

www.burmeseclassic.com

 www.burmeseclassic.com 

ချစ်သူသီဖွဲ့
ကြည်လဲ့ကဗျာ၊ ရင်မှာဖိုသည်
ချိုမြိန်ဖူးသောနေ့ရက်များ။
ချစ်သူလှမ်းလက်
အိပ်မက်ပွင့်ဖူး၊ ဆွတ်ချူရူးသည်
ချိုမြိန်ဖူးသောနေ့ရက်များ။
ချစ်သူကိုငေး
တဖြည်းဖြည်းနဲ့၊ ဝေးဝေးသွားသည်
ခါးသီးလွန်းသောနေ့ရက်များ။
ချစ်၍မျှော်သည်
ဘယ်ဆီကိုင်းဖျား၊ ခိုနားငြိမ်သက်
ကဗျာငှက်ကို၊ လက်ရေတွက်ချိုး
ပြန်လာနိုးနဲ့၊ တမိုးလုံးခို
ရင်ကိုလောင်မြိုက်၊ မှောင်မိုက်နေဆဲ
ကြေကွဲလက်တို့၊ မျက်ရည်စိုသည်
လွမ်းဖို့သက်သက်နေ့ရက်များ။ ။

www.burmeseclassic.com

www.burmeseclassic.com


## ပင့်သက်တစ်ရှိုက်

ဝေးကွာကျန်ရစ်၊ ပြန်မသစ်လည်း
တရုံဆစ်မျှ၊ မတွေ့ကြတာတောင်
မေ့မရပါဘူး။

ကော်ဖီနှစ်ခွက်၊ အိပ်မက်တိုင်းပြည့်
မျက်ရည်လှုပ်နှိုး၊ ဆိုးလှတာတောင်
မနိုးထပါဘူး။

တွေ့ဖြစ်ခဲ့ကြတာ
မေ့ပစ်ဖို့မှ မဟုတ်တာ...
တိတ်တခိုးတွယ်ခဲ့တာ
အိပ်နိုးပြယ်ဖို့မှမဟုတ်တာ....
ဝဋ်ကြွေမှာအကြွေးကြောင့်
ချစ်ကဗျာမရေးနိုင်လေတော့
ငေးငိုင်ကာ မပျော်ဘူးမေရယ်
ကျွန်တော်အရူးပမာ ဖြစ်နေသမျှတော့
မော်ဖူးကာ ချစ်နေပါရစေနော်....။ ။

www.burmeseclassic.com

 www.burmeseclassic.com 

## မနက်ဖြန်

အဆွေးကို ရင်မှာပိုက်
ခေါင်းငိုက်စိုက် မပြန်ချင်။
အဖြတ်ခက်ပေါ့ သံယောဇဉ်
မမြင်သာတဲ့ ရင်ထဲ။
ဥပက္ခာ သူရွေးမယ့်လမ်းထက်မှာ
ကျမ်းသက်သေ မထူရပါဘူး
လွမ်းမျက်ရည်ဝဲ။ ။

www.burmeseclassic.com

www.burmeseclassic.com


## အလွမ်းဇာတ်ညွှန်း

လွမ်းတယ်မေရေ
နွေဆိုရင်လည်း၊ ရဲရဲပွင့်စေ
နေဒဏ်မကြောက်၊ ခြေကန်လျှောက်မယ်။
လွမ်းတယ်မေရာ
ရွှေမှာမီးလျှံ၊ ပွပန်မငြီး
ခရီးလွဲမရပ်၊ မီးထဲဖြတ်မယ်။
လွမ်းတယ်မေရယ်
ခေါ်တယ်မကြား၊ မျှော်လည်းမမြင်
ပင်လယ်အစိမ်း၊ ရင်ဝယ်သိမ်းမယ်။
လွမ်းတယ်မေရဲ့
မှောင်နဲ့မည်းမည်း၊ အသည်းကွဲချောက်
မကြောက်ဘဲလေ၊ တစ်ယောက်တည်းနေမယ်။
မေထားရာနေ
မေစေရာသွား
မေမသနားလို့
မေ့နားမနေ
မေကျေနပ်စေ၊
မေ့ဇာတ်ညွှန်းလေးအတိုင်းသာလေ။ ။

www.burmeseclassic.com

www.burmeseclassic.com

## သိင်္ဂါရှင့်ကြ

ကိုင်းဖျားကိုကန်
ပျံ့ပါနဲ့လေး။
ဆတ်ဆတ်ခါကျန်မှာမို့
ဝေဒနာကိုထည့်တွက်
ငဲ့ကွက်ကာ သနားရင်ဖြင့်
နားစေချင်သေး။ ။

www.burmeseclassic.com

## ငေးဆွတ်ခြင်း

ပန်းတော်ဝင် နန်းထိုက်လို့
နမ်းရှိုက်ဖို့ မရည်ရွယ်။
အိပ်မက်နဲ့ စွန်လွှတ်သလို
ငေးဆွတ်ပြီးနေပါမယ်။
စိုးထိတ်ကာ နေနဲ့ကွယ်
တိုးတိတ်စွာ မှာချင်စမ်း။
အသည်းကြွေ ခြေရာကောက်
နောက်ချန်ကာလွမ်း။ ။

www.burmeseclassic.com

www.burmeseclassic.com


## အလွမ်းတစ်ဘက်ရဲ့ စာမျက်နှာ

အလွမ်းရက်တွေ ရှည်ချင်လည်းရှည်ပေါ့
ကမ်းလက်တော့ မရှုပ်လို့။
မေ မလှမ်းချင် ငြင်းတာမို့
ဖွတ်အတင်း မတောင်းဆို။
မျက်ထားတော်ညို
ငိုပါနဲ့ သက်ထားရဲ့။
ကိန္နရာချောင်းတစ်ဘက်ရဲ့ ချောက်ကမ်းမှာ
လျှောက်လမ်းတွေ ဘယ်လိုခြားသော်လည်း
ဟိုနားဆီ ကဗျာအိမ်ရဲ့
အိပ်မက်တိမ် ပန်းချီကားမှာ
လာနားမယ့်လိပ်ပြာလေးကို
ငေးကြိုကာ မမျှော်ဝံ့ပေမယ့်
(မောင့်မှာတော့လေ····)
စောင့်မျှော်နေသတဲ့။ ။

www.burmeseclassic.com

www.burmeseclassic.com


## ဝိရောဓိ ည

ရင်ထဲမှာ အလင်္ကာ
ရင်နာတော့ ကဗျာဖြစ်၊
ချစ်သံစဉ် အလှမ်းဝေးတော့
လွမ်းတေးဆိုဟစ်။

ဝေးပြီလည်း မဆိုချင်
အနီးတွင် မနေဖြစ်၊
ကံကြမ္မာ မသနားတယ်
ခြားထားတဲ့မြစ်။

ထုဆစ်ပေါ့ ရင်ကဗျာ
ဝေဒနာ အခါခါသစ်၊
အချစ်တွေ ခြေလှမ်းကျဲတော့
အလွမ်းနှံ့နှစ်။

www.burmeseclassic.com

 www.burmeseclassic.com 

အပူရှိတာကို
လူမသိသလို နေပေမယ့်
သူအကြည့် တိမ်းမလား
စိမ်းသွားမှာ ထိတ်လျက်ပါကွဲ့
အိပ်ပျက်ည သက်သေတွေ
မေ မေးကာကြည့်။

တစ်ညခင်းမှာပေါ့
လမင်းကို ရှေ့ရင်ခုန်
ငေးကြည့်ရှုံ မနေ့သာဘဲ
တွေးမိပုံ အဖြေရှာတော့
ဝေဒနာတွေ ဖိဖိလာအောင်
အရှိသဘောအထိ
သိကော မသိရပါပဲ
(မျက်စိသူငယ် တလယ်လယ်နဲ့)
ကိုယ်···ဝိရောဓိ။ ။

www.burmeseclassic.com

www.burmeseclassic.com


## တစ္ဆေတစ်ကောင်နှင့်တွေ့ဆုံခြင်း

အိပ်ပျက်ညတွေနဲ့
အဆိပ်တက်လှပြီမေ။
သံယောဇဉ် ငင်ကာခက်ပြီပေါ့
အင်တာနက်တစ္ဆေ။
ဘယ်လိုပဲ ခြောက်ပါစေ
ကြောက်စရာမထင်ဘူး။
သူယောင်မယ် ချောင်အနီးမှာလ
မောင်ကြီးကို တစ္ဆေလိုက်ရင်လည်း
အကိုက်ခံ ငိုက်မရှက်နိုင်ဘူး
တစ်ရက်တစ်ခါ
တစ်မျက်နှာမြင်စမ်းချင်ရဲ့
လွမ်းလှလှလူး။ ။

www.burmeseclassic.com

 www.burmeseclassic.com 

ထွက်ပေါက်ဆီသို့

ခံစားမှု အမှောင်
ပိတ်လှောင်မှုန်းကြပ်။
နှလုံးသား တစ်စဆီခင်း
နှင်းရှင်းနဲ့ဖြတ်။ ။

www.burmeseclassic.com

## အချစ်ပွဲတော်သို့ နွဲပျော်ရန်လာခဲ့သော်လည်း အဖော်ကွဲသဖြင့် အိမ်မပြန်တတ်ဖြစ်နေသော ကဗျာတစ်ယောက်အကြောင်း

ညိုမှောင်ရိပ်သမ်း၊ လွမ်းပါစမေး
လွမ်းပါတယ် မနေတတ်အောင်
ရပ်လို့မျှော်ငေး။
အိပ်မက်ရော်ရမ်း၊ လွမ်းပါစမေး
လွမ်းပါတယ် ညနက်နက်မှာ
လှုရက်နေသေး။
ချစ်သူအိမ်လမ်း၊ လွမ်းပါစမေး
လွမ်းပါတယ် တစ်ယောက်တည်းမို့
ကြေကွဲကာဆွေး။
အတိတ်ကိုမလိုချင်
နှင်ပါနဲ့လေး။
ပျော်ဖူးတဲ့ကဗျာရိပ်မှာ
တိတ်တိတ်ငိုကြွေး။
မပန်သာရင် နေပါလေ
ပန်းကာရန် ကဗျာကုံး
မုန်းပါနဲ့မေ။
အလွမ်းရင့်ကြွေ၊ နွေရင်နဲ့ကဗျာရေး။
ဝေဒနာ နဘောထပ်မယ်
ဖတ်လှည့်ပါလေး။ ။

www.burmeseclassic.com

www.burmeseclassic.com


နှမ်ကျာသိုင်း မောင်စိန်ဝင်း(ပုတီးကုန်း) နေနော် ကိုစေ မောင်လှမျိုး(ချင်းချောင်းခြံ)
မောင်ညိုအေး(ပန်းတော) သက်နှင်းခွေးပုပ္ပား နွယ်ဦးလှိုင်
နှင်းဝေငြိမ်း ရာသက်ပန်(တောင်ငူဆောင်) စုမိအောင် ထဲ့ဝင်းကြည်ချို မျိုးယုဝသုန်




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကော်ဖီတစ်ကျိုက်ကို မကြည့်ဘဲ မျိုချလိုက်သည်။ သိပ်လှသည်။ မမ၏ခြေထောက်ကလေးသည် သိပ်လှသည်။ ပန်းရောင် မနုမရင့်၊ သဲကြိုး မကြီးမသေး၊ ဒေါက်မြင့်နှစ်လက်မပေါ်မှ မမ၏ ခြေထောက်ကလေးသည် မိုမှာလီဇာ ပန်းချီကားထက်လှသည်။ မမ၏ ခြေထောက်ကလေးသည် ကဲ့ကော်ပင်များရှိ အနုဆုံးပန်းပွင့်လေးမှ အမွှဆုံး ပွင့်ဖတ်ကလေးအား ယုန်မွေး ပွပွလေးပေါ် တင်ထားသည်ထက် နူးညံ့၏။

မမ၏ ခြေထောက်ပုံတူ ရုပ်လေးသာရှိလျှင် ကျွန်တော့်စာကြည့်စားပွဲ ပေါ်မှ ဗီးနပ်ရုပ်တုကို ကျွန်တော်လွှင့်ပစ်လိုက်မိမှာ သေချာသည်။

[နွမ်ဂျာသိုင်း - ကော်ဖီခါးခါးလေးတစ်ခွက်]

www.burmeseclassic.com

www.burmeseclassic.com


သူ အရဲစွန့်ပြီး နှုတ်က ထွက်သွားသည်။ ပြီးတော့ သူ့ရင်ထဲက အလှုပ်အရှားကို ခင်မြမြခွေများ ရိပ်မိသွားလေမလားဟု အကြည့်ကို လွှဲသည်။

"ကျွန်မ လက်ဖက်ရည် မကြိုက်ဘူး"

"ဗျာ"

"သြော်···ကျွန်မက ကော်ဖီသမား။ ကိုမြင့်ထူး လက်ဖက်ရည် ကြိုက်သလို···"

"လက်ဖက်ရည်ကြိုက်တာ မဟုတ်ဘူးဗျ။ လက်ဖက်ရည် ချစ်တာလို့ သုံးလို့ရတဲ့အဆင့်ပါ"

စကားဖြတ်ပြီး ပြောမိပြီး ခပ်ပြုံးပြုံးစူးစိုက်ကြည့်မိပြန်၏။

"ဒါဆို ကျွန်မကလည်း ကော်ဖီချစ်သူလို့ ပြောလို့ရနိုင်တယ်·· ကိုမြင့်ထူးရဲ့"

[မောင်စိန်ဝင်း(ပုတီးကုန်း) - တောင်ပြာတန်း]

www.burmeseclassic.com

www.burmeseclassic.com


ခါးသက်နေမည့် ကော်ဖီတစ်ခွက်ကို နည်းနည်းလေးမှ မရှုံ့မမဲ့ဘဲ ပြုံးပြုံးလေး သောက်ပြတာကိုက ကျွန်တော့်ရင်ကို အခုန်မြန်သွားစေခဲ့သည်။ ကျွန်တော် နှုတ်ခမ်းဟသွားမည် ထင်၏။ သို့ပေမယ့် သူမနှုတ်ခမ်းက ကော်ဖီခွက်ကိုပယ်လိုက်တာနှင့် ရဲရဲတင်းတင်း ပြန်ဖြစ်သွားပါသည်။

ကျွန်တော်...သူမကိုထားခဲ့ပြီး ဤဆိုင်လေးထဲမှ ဘယ်လိုထွက်သွားလို့မှ မရနိုင်ပေ။

[နှင်းဝေငြိမ်း - အလွမ်းပြေနှစ်ခွက်]

www.burmeseclassic.com

 www.burmeseclassic.com 

ကော်ဖီဆိုင်လေးမှထွက်လာပြီး နှစ်ယောက်သား ကားဆီသို့ အပြေးတစ်ပိုင်း လျှောက်လာခဲ့ကြသည်။ ခပ်ဖွဲဖွဲ ရွာနေဆဲမိုးရေထဲမှာပင် ကျွန်တော့်လက်မောင်းကို တင်းတင်းကြပ်ကြပ် တွယ်ဖက်ရင်း ကြည် ကြည်နူးနူးလိုက် ပါလာသည့် မျက်ဝန်းနုနုလေးကို မြတ်နိုးစွာ ငုံ့ကြည့် ဖြစ်သေး၏။

ဂျက်ကင်အင်္ကျီကိုဆောင်းပေးထားသည့်ကြားမှပင် သူမ မျက်နှာ ပေါ်သို့ မိုးရေစက်တချို့ပက်စင်လာတာတွေ့သည်။ ကားပေါ်ရောက်မှပဲ မိုးရေစက်တွေကို သုတ်ပေးဦးမည်ဟုတွေးရင်း ကားတံခါးကိုဖွင့်ပေး ဖြစ်၏။

ကျွန်တော့်အတွေးတိုင်း၊ ကျွန်တော့်အကြည့်တိုင်း၊ ကျွန်တော့် စကားလုံးတိုင်း၊ ကျွန်တော့်အပြုအမူတိုင်းမှာ သူမအတွက် မြတ်နိုးမှု မိုးရေစက်တွေ တွဲခိုနေမှာတော့သေချာပါသည်။

[သက်နှင်းသွေးပုပ္ပား - နွေလယ်မိုးစက်များ]

www.burmeseclassic.com

သည်နေ့တော့ ထူးထူးဆန်းဆန်း ကျွန်တော့်ရဲ့ ကော်ဖီမလေးက တစ်ခါမှ နောက်မကျစဖူး နောက်ကျနေလေတော့ ကျွန်တော် စိတ်ပူလာသည်။

သောက်လက်စ ကော်ဖီပင် အရသာကပိုမို ခါးသီးဆိုးဝါးလာသလိုလို၊ အနားမှာ ကော်ဖီမလေးမရှိလျှင် နာရီတွေက ခါးသက်နေတတ်သည်။ တံခါးချပ်လေးတစ်ခါတွန်းဖွင့်လိုက်တိုင်း၊ တစ်စုံတစ်ယောက် ဝင်လာလိုက်တိုင်း ကျွန်တော့်မျက်လုံးတွေက တဖျပ်ဖျပ်လိုက်ရွေ့ကာ ကော်ဖီမလေး ရောက်လာနိုးနိုး စူးစမ်းရှာဖွေနေမိသည်။

[စုမီအောင် - ကော်ဖီကြွမှာ]

www.burmeseclassic.com

 www.burmeseclassic.com 

နှင့်ရဲ့ , လက်ကျန် ၊ နှင့်ရဲ့ (သောက်ကျန်)ကော်ဖီတွေကို ၊ မော့ မော့ သောက်ခဲ့မိတာက, လွဲလို့၊ ငါ ··· ဘယ်တော့မှ ၊ ကော်ဖီ မသောက်ဖြစ်တော့ပေမယ့်၊

ငါ့ နှလုံးသွေးတွေခမြာ ၊ နှင့်ရဲ့ ,အမုန်းတေး သံစဉ် မည်းကြောင့် ၊ လှိုင်းထ, ညစ်မှောင်၊ ဘယ်လို အရောင်တွေနဲ့၊ တောက်လောင်နေမလဲ··· ဆိုတာ ၊ နှင့်ဘာသာပဲ စဉ်းစားကြည့် ပါတော့ ···။

တွေးဆ,ကြည့်ပါတော့ ။

အဝေးက သိပါတော့ ··· ကြာညိုနိုင်။

[မောင်လုမျိုး(ချင်းချောင်းခြံ) - ကော်ဖီရောင်အသည်း]

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ အရင်းနှီးဆုံးမိတ်ဆွေတချို့ကို အရေးပေါ်ခေါ်ယူ၍ တစ်စုံတစ်ခု မှာထားရန်ကိုလည်း သူက စဉ်းစားနေသေးသည်။ တခြားတော့မဟုတ်။ တကယ်လို့ သူ တစ်ခုခုဖြစ်ကာ ဆေးရုံပေါ်ရောက်သွားပြီ ဆိုကြပါစို့ရဲ့။

သတိလစ်မေ့မျောနေသောသူ့အတွက် သွေးသွင်းဖို့ လိုအပ်ကောင်းလိုအပ်လာပါလိမ့်မည်။ ထိုအခါ သူ၏သွေးကြောထဲသို့ ကော်ဖီများကိုသာ သွင်းပေးဖို့ပဲဖြစ်သည်။ ကော်ဖီအမျိုးအစားကိုတော့ ဖြစ်နိုင်လျှင် Blue Mountain ကို ရအောင်ရှာစေချင်သည်။ ဘယ်လိုမှ ရှာမရတော့ဘူးဆိုပါမှ Cappucino ကို သွင်းပေးကြဖို့ လိုပါလိမ့်မည်။

ထိုအခါ သူသည် အံ့ဩဖွယ်ရာ ရှင်သန်နိုးထလာသည်ကို တွေ့ကြရမည်ဖြစ်သည်။

[နွယ်ဦးလှိုင် - ကော်ဖီအော်ပရာ]

www.burmeseclassic.com

www.burmeseclassic.com


ပူနွေးတဲ့ ညချမ်းကာလတွေမှာ Cottage အိမ်လေးရဲ့ အိမ်အပြင်မှာထွက်ပြီး ကြယ်တွေကို ညဉ့်နက်တဲ့အထိ ကိုယ်တို့ ကြည့်ခဲ့ဖူးကြပါတယ်ရော···။ ကုန်းအမြင့်ပေါ်ကနေ ကောင်းကင်က ကြယ်တွေကို Telescope တစ်ခုနဲ့ ကြည့်ရတာကို နှစ်သက် သဘောကျတဲ့ မင်းရဲ့အကျင့်တွေလည်း ကိုယ့်ကိုကူးခဲ့ပြီ··။

ကော်ဖီနှစ်ခွက်၊ Telescope နဲ့၊ Cottage အိမ်လေးထဲက ရှင်မင်းခဆိုတဲ့မိန်းကလေးတစ်ယောက်ကို ဘယ်လိုများနေမလဲဆိုတာ မင်းနဲနဲလေးမှ တွေးတောမကြည့်မိဘူးလား ရော။

ညဉ့်နက်သန်းခေါင်ထိ ကြယ်တွေကြည့်ရင်း၊ ကော်ဖီသောက်ရင်း၊ Jazz ဂီတအကြောင်းပြောရင်း ကားမပါတဲ့ညတွေမှာ ကိုယ့်ရဲ့ ပေါင်းနှမ်းစပြုနေတဲ့ ဆိုင်ကယ်လေးနဲ့ မင်းနေတဲ့ လမ်းထိပ်အထိ လိုက်ပို့ခဲ့တာတွေ၊ မင်း မေ့လျော့သွားလိမ့်မယ်လို့ မထင်ပါဘူး။

[ပျိုးပယုဝသုန် - အပြာရောင်တောင်တန်းများသို့ လွမ်းချင်း]

www.burmeseclassic.com

www.burmeseclassic.com


"ကိုထွေးကို ကေ ကြည့်နေတာ ကြာပြီ၊ ဘယ်လိုကော်ဖီ အရသာမျိုး ကြိုက်တယ်ဆိုတာ ဒီနေ့အပြတ်ပြောရမယ်"

"တို့ကြိုက်တာက တို့ချစ်သူနဲ့အတူ ကော်ဖီသောက်ရတာ ကိုပဲ"

ကျွန်တော့် အဖြေစကားကို သဘောမကျသော်လည်း သူမ၏ မျက်ဝန်းတွင် ကြည်နူးရင်ခုန်ခြင်းကိုတော့ ဖုန်းကွယ်၍မရပါ။

"ကေ့အတွက် အချစ်နဲ့ကော်ဖီအပေါ်မှာ ခံစားချက်ခြင်း၊ သဘောထားခြင်းအတူတူပဲ၊ ကော်ဖီဆိုရင် အမျိုးအစားတစ်ခု၊ အရသာ တစ်ခုပေါ်မှာ စွဲစွဲလမ်းလမ်းသစ္စာရှိရှိ ကြိုက်တယ်။ အဲဒါမှမရရင် တစ်သက်လုံးမသောက်ဘဲနေလိုက်မယ်၊ ဘယ်အရာနဲ့မှအစား မထိုး ဘူး။ အချစ်မှာလည်း ကေက ဒီလိုပဲသဘောထားတယ်။ ကိုယ်ချစ်တဲ့ သူက တစ်ယောက်တည်းပဲ"

[ကိုစစ - အပြာရောင်ကော်ဖီ]

www.burmeseclassic.com

www.burmeseclassic.com


ဘလက်ကော်ဖီကိုသာသောက်လေ့ရှိပြီး လက်ဖက်ရည်မကြိုက်သည့်ကျွန်မ လက်ဖက်ရည်ဆိုင် ထိုင်ရသည့်အရသာကိုတော့ ထူးကဲစွာ ခုံမင် ခံစားတတ်သူဖြစ်၏။ လက်ဖက်ရည်ဆိုင် ပိပိသသ ခုံပုလေးတွေထက် အကြမ်းပန်းကန် နှုတ်ခမ်းပဲ့ အက်ရာထင် ညစ်ထေး ထေးတွေကပဲ ရိုးစင်းမှုအပြည့် ရှိလေသည်ဟု ကိုယ်တိုင် ယုံကြည်ထားသည့်နေရာတစ်ခုလည်းဖြစ်သည်။

ဒီရိုးစင်းမှုလေးများကို မြတ်နိုးလွန်းလို့လည်း လက်ဖက်ရည်မကြိုက်သည့်ကျွန်မ လက်ဖက်ရည်ကြိုက်သည့် သူငယ်ချင်းမိတ်ဆွေများနှင့်လက်ဖက်ရည်ဆိုင် ရိုးရိုးစင်းစင်းလေးတွေမှာ ခံစားချက်ကိုဆိုင် ထိုင်ခုံပုလေးတွေပေါ် ပစ်ချရင်း စကားသံများကိုရင်ခွင်တွင်းဆွဲသွင်းကာ ရေနွေးကြမ်းအိုးတွေ တစ်ခွက်ပြီး တစ်ခွက် ဝမ်းဗိုက်ထဲ ခုန်ချခိုင်းခဲ့သော··· ကျွန်မ။

[လဲဝင်းကြည်(ဒို) - ပူးရစ်နွယ်စိတ် စိုးထိတ်ထိတ်]

www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီမှာ ခါး၊ စိမ့်၊ ချိုသော အရသာရှိ၏။ မွှေးသော ရနံ့ရှိသည်။ ကော်ဖီရောင်ဟု အများခေါ်ဝေါ်သော ကိုယ်ပိုင် အရောင်လည်းရှိသည်။

ကျွန်တော်နှင့် သူမတို့သည် အရောင်၊ အဆင်း၊ အနံ့အရသာ မရှိသောကော်ဖီကို နှစ်သက်စွာသောက်ကြ၏။ သို့သော် ကျွန်တော်တို့ နှစ်ယောက်သောက်သော ကော်ဖီကို ကော်ဖီမမည်ဟု အပြစ်တင်ကြမည်လား မသိ။

ကျွန်တော်တို့သောက်သော ကော်ဖီမှာ ကော်ဖီရောင်မပေါက်။ အရသာမှာလည်း မခါးလွန်း၊ မချိုလွန်း၊ မဆိမ့်လွန်း။ ကျွန်တော်တို့ နှစ်ယောက် သောက်သုံးသောကော်ဖီမှာ စပယ်ရောင်ကော်ဖီပင် ဖြစ်သည်။

[မောင်ညိုအေး(ပန်းတော) - ရိုမန့်တစ် စံပယ်ရောင်ကော်ဖီ]

www.burmeseclassic.com

www.burmeseclassic.com



သူ မတ်တပ်ရပ်လိုက်သည်  ကြို့တင်ငွေပေးကာ မှာရသည့် မှန်လုံခန်းကဖီးဆိုင်မို့ မိဇော်အတွက် တစ်ခုခု မှာပေးရမည်လေ။

"မိဇော်…နင် ကော်ဖီခါးခါးပဲ မဟုတ်လား၊ ငါသွားယူပေးမယ်.."

"နိုး…နိုး"

ကမန်းကတန်း လက်ကာပြတာမို့ သူရှုတ်တရက်အံ့အားသင့်သွားသည်။ *ကော်ဖီဆိုရင်ခါးခါးကြိုက်မိတယ်….ရင်ခုန်သံတွေတောင် ဘဝမှာ မချိုနိုင်တယ်*…ဆိုသည့် ချစ်ကောင်း၏ ကော်ဖီခါးခါးသီချင်းကိုကြိုက်သလို ကော်ဖီခါး ကြိုက်တတ်သည့်မိဇော်က ကော်ဖီကို ခါးခါးသီးသီးငြင်းနေပါလား။

"ငါ ကော်ဖီ မသောက်တော့တာ ကြာပါပြီ"

[ရာသက်ပန်(တောင်ငူဆောင်) - ဆုံတွေ့ခကာ မိုးတာညနေ]

www.burmeseclassic.com

 www.burmeseclassic.com 

အရှေ့တောင်အာရှရဲ့ အညံ့ဆုံးကော်ဖီဆိုင်လေးတစ်ဆိုင် အကြောင်း ပြောပြချင်ပါတယ်။

အဲ့ဒီဆိုင်က ခပ်ညံ့ညံ့ကော်ဖီတစ်ခွက်ကို သောက်သုံးချင်တယ် ဆိုရင်တော့ မိတ်ဆွေရဲ့အင်္ကျီအိပ်ကပ်ထဲမှာ မြန်မာငွေနှစ်ရာကျပ်လောက် ရှိဖို့ လိုအပ်သလို ကျွန်တော်နဲ့ အချိန်နှစ်နာရီလောက်ကို လိုက်လံ ဖြုန်းတီးနိုင်ဖို့လည်း လိုအပ်ပါလိမ့်မယ်။ (ကျွန်တော်ဟာ အဲ့ဒီဆိုင်လေးမှာ တစ်ခါထိုင်ရင် အနည်းဆုံး နှစ်နာရီကြာလောက်အောင် တမေ့တမော ထိုင်တတ်လို့ပါ။)

BURMESE CLASSIC

ပြောရရင် အဲ့ဒီဆိုင်လေးဟာဆာကူရာတာဝါပေါ်မှာ မရှိသလို၊ ဆူပါမားကက်နဲ့ ရွှေပင်းမောတွေပေါ်မှာလည်း မရှိဘူး။ ကားသံတွေ ဆူညံနေတဲ့ မြို့လည်ရပ်ဝန်းမှာ မရှိသလို။ လူဂုဏ်တန်ရပ်ကွက် ခြံကျယ် ကြီးတွေထဲမှာလည်း မရှိဘူး။ တကယ်တော့ ကျွန်တော့်ရဲ့ ခပ်ညံ့ညံ့ ကော်ဖီဆိုင်လေးဟာ...........။

[နေနော် - ကော်ဖီချစ်သူ]

www.burmeseclassic.com